# MARINE CARGO INSURANCE INFORMATION CHECKLIST
# ရေကြောင်းကုန်ပစ္စည်းအာမခံအကြောင်းသိကောင်းစရာ

## အာမခံအကာအကွယ်

## Coverage

- [ ] ပြည်တွင်း၌ ရေယာဉ်များ အသုံးပြု၍တစ်နေရာမှတစ်နေရာသို့ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်စဉ် မီးလောင်ခြင်း၊ပေါက်ကွဲခြင်း၊ သောင်တင်ခြင်း၊ နစ်မြုပ်ခြင်း၊ တိမ်းမှောက်ခြင်း၊ ရေယာဉ် အချင်းချင်းတိုက်မိခြင်း၊ပြင်ပမှ အရာဝတ္ထုများလာရောက်ထိခိုက်မိခြင်း၊အရေးပေါ်အခြေအနေကြောင့် ရပ်နားလိုက်ရသည့် ဆိပ်ကမ်းတွင် ကုန်ချခြင်းကြောင့်ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများကို အကာအကွယ်ပေးသည့် အာမခံဖြစ်ပါသည်။
  The insurance covers loss of damage to the subject matter of insured reasonably attributable to fire or explosion, vessel or craft being stranded grounded sunk or capsized, overturning or derailment of land conveyance, collision or contact of vessel craft or conveyance with any external object other than water, discharge of cargo at a port of distress while transporting goods one place to another by vessel inside domestic boundary.

## အာမခံခွင့်ထားရှိသူ

## Eligibility

- [ ] ကုန်ပစ္စည်းကူးသန်းရောင်းဝယ်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းပိုင်ရှင်များ၊ ကိုယ်စားလှယ်များသည်မိမိတို့၏ကုန်ပစ္စည်းများကိုအာမခံထားရှိနိုင်ပါသည်။
  Businesses and/ or their representatives who trade in goods,Product owners and agents can insure their products.
- [ ] အာမခံတန်ဖိုးအား ကုန်ပစ္စည်းတန်ဖိုးအတိုင်းသော်လည်းကောင်း၊ တန်ဖိုး၏ ခန့်မှန်းအမြတ်ကိုပေါင်း၍သော်လည်းကောင်း အာမခံထားသူ၏ဆန္ဒအရထားနိုင်ပါသည်။
  The value of the insurance is based on the value of the goods. The insured may select to either declare only the value of the goods or the value of the goods plus the profit for goods to be sold.
- [ ] အာမခံသက်တမ်းမှာ ရေကြောင်းခရီးစဉ်အတွက် စတင်ထွက်ခွာသည့်နေ့မှ ခရီးဆုံးရောက်ရှိချိန်အထိသာဖြစ်ပါသည်။
  The insurance period is only for the voyage from the date of departure to the end of the voyage.

## အာမခံသက်တမ်း

## Policy Term

- [ ] ခရီးစဉ်တစ်ခေါက်အာမခံထားရှိရမည်ဖြစ်ပြီးအာမခံထားငွေ(ကုန်ပစ္စည်းတန်ဖိုး)၊ ကုန်ပစ္စည်းအမျိုးအစား၊ သယ်ဆောင်မည့်လမ်းကြောင်းနှင့် သယ်ဆောင်မည့် ရာသီပေါ်တွင် အခြေခံ၍ ပရီမီယံနှုန်းထား သတ်မှတ် တွက်ချက်ပါသည်။
  One trip must be insured and sum insured (value of goods, product type) premium rates are calculated based on shipping route and shipping season.

## သတိပြုရမည့်အချက်များ

## Important Notes

- [ ] အာမခံတန်ဖိုးပြောင်းလဲမည်ဆိုလျှင် ရေယာဉ်မထွက်ခွာမီအာမခံကုမ္ပဏီသို့အကြောင်းကြားရန်။
  If the insurance value changes, the insured is required to inform the insurance company before departure.
- [ ] ရေယာဉ်ပြောင်းလဲတင်ဆောင်ခြင်း အတွက်လည်း ရေယာဉ်မထွက်ခွာမီအကြောင်းကြားရပါမည်။ အကြောင်းမကြားပါက လျော်ကြေးငြင်းဆိုနိုင်ပါသည်။
  Vehicle changes must be notified prior to departure of the vessel. Insurer can deny any claims made by the insured due to failure to inform.
- [ ] အဆိုလွှာတွင်ဖော်ပြထားသည့်ကုန်ပစ္စည်းသယ်ဆောင်မည့်ခရီးလမ်းကြောင်းအတိုင်းမောင်းနှင်ရပါမည်။ လမ်းကြောင်းပြောင်းလဲ သယ်ဆောင်ခြင်းမပြုလုပ်ရပါ။ မလွှဲရှောင်နိုင်သော အကြောင်းကြောင့် ပြောင်းလဲမောင်းနှင်ရပါကအာမခံကုမ္ပဏီသို့ချက်ချင်းအကြောင်းကြားရပါမည်။
  You must drive according to the route specified in the proposal. Rerouting isn’t allowed. If you have to change your route due to unavoidable circumstances, you must notify the insurance company immediately.
- [ ] ရေကြောင်းခရီးဖြင့်သယ်ဆောင်ခြင်းတွင်ဆိပ်ကမ်းမှထွက်ခွာမည့်ရက်နောက်ကျမည်ဆိုပါကဆိပ်ကမ်း ရက်လွန်ကြေးအဖြစ်ပရီမီယံ၏ ၁၀% ကိုပေးဆောင်ရပါမည်။
  In case of delay departure from the port of shipping, you will have to pay 10% of the premium as port overdue charges.
- [ ] ဆိပ်ကမ်းရက်လွန်ကြေးပေးဆောင်ထားပါကမထွက်ခွာမီရက်ပေါင်း(၃၀)နှင့်ဆိုက်ရောက်မည့်ဆိပ်ကမ်းတွင်ကုန်ပစ္စည်းမချမီရက်ပေါင်း(၃၃)ရက်အကာအကွယ်ရရှိပါမည်။
  If you pay the port overdue charges, you will be protected 30 days before departure and 33 days before unloading at the port of arrival.
- [ ] ရေယာဉ်နစ်မြုပ်ပါကရေယာဉ်ပေါ်ပါရှိသည့်ကုန်ပစ္စည်းများအား ဆုံးရှုံးမှုနည်းစေရန်အတွက် ချက်ချင်းဆယ်တင်သယ်ယူရမည်။
  In the event of a sinking, the goods on the  vessel must be recovered immediately to minimize losses.
- [ ] လက်ခံဆောင်ရွက်ရာတွင်အာမခံအဆိုလွှာနှင့်အတူကုန်ပစ္စည်းတန်ဖိုးဖော်ပြပါရှိသည့်ပြေစာ၊ ကုန်ပစ္စည်းအရေအတွက်၊ အမျိုးအမည်၊ ရေယာဉ်လိုင်စင်မိတ္တူ၊ ကုန်စည်တင်ဆောင်ခွင့် လိုင်စင်မိတ္တူတို့လိုအပ်ပါသည်။
  Acceptance is required along with the proposal form, the invoice with the product price, the quantity and type of the goods, the copy of the vehicle license and the copy of the freight license.
- [ ] အာမခံထားသည့်ကုန်ပစ္စည်းများသယ်ဆောင်သည့် ရေယာဉ်သည်အကြောင်းတစုံတရာကြောင့်ထိခိုက်မှုဖြစ်ပြီး အာမခံထားသည့် ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပါက အာမခံကုမ္ပဏီသို့ ချက်ချင်းအကြောင်းကြားရပါမည်။ ချက်ချင်း အကြောင်းကြားရန်၊အဆင်မပြေမှုရှိပါက (၃)ရက်အတွင်းအကြောင်းကြားရပါမည်။
  If the vessel carrying the insured goods is damaged for any reason and the insured goods are damaged, the insurance company must be notified immediately. If there is any inconvenience to report immediately, you must notify within 3 days.
- [ ] အာမခံကုမ္ပဏီမှလျော်ကြေးအတွက်မျက်မြင်စစ်ဆေးမှုပြုလုပ်မည်။
  The insurance company will conduct inspections for compensation.

# MARINE CARGO INSURANCE INFORMATION CHECKLIST
# ရေကြောင်းကုန်ပစ္စည်းအာမခံအကြောင်းသိကောင်းစရာ

## လျော်ကြေးအကျုံးမဝင်သည့်အချက်များ
## Exclusions

- ☐ သတ်မှတ်စည်းကမ်းချက်များနှင့်မညီညွတ်သော ပျက်စီးဆုံးရှုံးမှုများ။
  Non-compliant damages
- ☐ ဆိပ်ကမ်းရက်လွန်ကြေးပေးဆောင်ထားပြီး သတ်မှတ်ရက်အတွင်းဆောင်ရွက်ခြင်းမှအပ ခရီးစဉ်စတင်ထွက်ခွာခြင်းမပြုမီနှင့်ခရီးဆုံးရောက်ရှိပြီးနောက် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုများ။
  Damage caused before the departure from the port of orgin and after the arrival at the part of destination, except for the payment of the port late payment.
- ☐ အကြောင်းတစုံတရာကြောင့်ခရီးစဉ်တွင်နှောင့်နှေးကြန့်ကြာသဖြင့်ပေါ်ပေါက်သောကုန်ပစ္စည်းများ ပုပ်သိုး၊ ယိုယွင်းပျက်စီးမှုများ အားလုံးနှင့်ပစ္စည်း၏ ပင်ကိုယ် သဘာဝအရ ပျက်စီးခြင်းများ။
  All product damage due to delays of departure by any reason.
- ☐ ရေယာဉ်ပြောင်းလဲတင်ဆောင်ခြင်းတွင်တစ်စီးမှတစ်စီးသို့ပြောင်းလဲတင်ဆောင်ချိန်ပျက်စီးဆုံးရှုံးမှုအတွက်လျော်ကြေး အကျုံးမဝင်ပါ။
  Compensation does not apply to damage of goods during their transfer  from one vessel to another.
- ☐ သယ်ဆောင်သောယာဉ်မှ တာဝန်ရှိသူများ၊ ရေယာဉ်မှုဝန်ထမ်းများ၏ တာဝန်ပေါ့လျော့မှုကြောင့်ဖြစ်ပေါ်လာသည့်ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံကုမ္ပဏီတွင် ပေးလျော်ရန်တာဝန်မရှိပါ။
  The insurance company is not responsible for any damages caused by the negligence of the authorised personnel and the crew of the vehicle.
- ☐ ရေယာဉ်တွင်သတ်မှတ်အလေးချိန်ထက်ပိုမိုတင်ဆောင်ခြင်းကြောင့်ဖြစ်ပေါ်လာသောဆုံးရှုံးမှုများအတွက် ပေးလျော်ရန်တာဝန်မရှိပါ။
  Any event that will occur due to the overloading of the vessel which would result to a claim will be denied.
- ☐ ဆိပ်ကမ်းရက်လွန်ကြေး အကာအကွယ် ယူထားသော်လည်း ကုန်ပစ္စည်းများ အတင်အချပြုလုပ်စဉ် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများအတွက်ပေးလျော်ရန်တာဝန်မရှိပါ။
  The insured is covered by port overdue fees but is not liable for any damages incurred during the loading and unloading of the cargo.
- ☐ တရားဥပဒေဘောင်နှင့် မလျော်ညီသော ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းအတွက် အာမခံကုမ္ပဏီတွင်ပေးလျော်ရန်တာဝန်မရှိပါ။
  The insurance company has no obligation to pay for the transport of goods that are not in accordance with the law.

**Hotline** နံပါတ် **09 777 100 555 (Customer Service), 09 777 100 999 (Claim)** သို့ အချိန်မရွေး ဖုန်းဆက် အကြောင်းကြားနိုင်ပါသည်။

**“မှတ်ချက်”**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီချုပ်ဆိုထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်/မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှုလေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

“Remark”

This checklist is intended for general information only. This is neither the insurance policy nor the proposal form. None in this checklist constitutes to a finanical advisory or the issuance of a contract.You are required to know and understand the text stated in this checklist before signing.

| အာမခံလက်ခံသူ<br>Insurer | | အာမခံထားသူ<br>Insured | |
|---|---|---|---|
| လက်မှတ်<br>Signature | | လက်မှတ်<br>Signature | |
| ဝန်ထမ်းအမည်<br>Employee’s Name | | အမည်<br>Name | |
| ရာထူး<br>Position | | ဖုန်းနံပါတ်<br>Phone No. | |
| နေ့စွဲ<br>Date | | နေ့စွဲ<br>Date | |